# ညတစ်ည

အဝေးက ကောင်မလေးရေ . . .

ဒီနေ့ဟာ နင်ပေးခဲ့တဲ့ ဆောင်းရာသီရဲ့ ဆောင်းတစ်ရက်ပေါ့ ။ ပိတ်ပိတ်ဆီးဆီး မှိုင်းဝေနေတဲ့ မြူခိုးမြူငွေ့ဖြူနဲ့ သိပ်သိပ်သည်းသည်း ကျဆင်းနေတဲ့ နှင်းစက်တွေက ငါ နင့်ကို လွမ်းစေဖို့ သွေးဆောင်ဖျားယောင်း နေကြတော့တယ်။ တိမ်တွေ အထပ်ထပ်အုံမှိုင်းပြီး ပျံဝဲနေတဲ့ ငှက်ကလေးတစ်ချို့ ဆောင်းလေရဲ့ ကျီစယ်ပုံကြောင့် သူတို့လေးတွေ ချမ်းလွန်းလို့ တုန်ရီနေရှာပြီ ထင်ပါရဲ့ . . .

ငါ့ အလုပ်ရှေ့က အိုမင်းနေတဲ့ ညောင်မုတ်ဆိတ် အပင်ကြီးကို ခပ်စိုက်စိုက် ငေးရီကြည့်ရင်း ငါကတော့ နင် ပြောဘူးတဲ့ သစ်ငုတ်ပင်ကြီးအကြောင်း သတိရမိတယ် . . . ။ ကောင်မလေးရေ နင်အဲ့ဒီ သစ်ပုတ်ပင်ကြီးနား ရောက်နေပြီလား။ နင် ငါ့ကို လွမ်းတိုင်း အဲ့ဒီ သစ်ပုတ်ပင်ကြီးနား သွားနေမယ်ဆို . . .။ နင့်ရင်ထဲမှာ မျှော်လင့်လင့်ခြင်း ပန်းသီးတစ်လုံး ချိုမြနေသေးရဲ့လား . . .။ သံသယဆိုတာ ကိုယ့်ရင်ကို မွှန်းနေတဲ့ ခါးတစ်စင်း ပါပဲကွာ . . .။

အေးခဲနေတဲ့ လေထုက မှန်ပြတင်းပေါက်က တဆင့် ငါ့မျက်နှာကို ရေခဲမှုန့်တွေနဲ့ ကြဲပက်ခံလိုက်ရသလို။ ဒါပေမယ့် ငါ့ရင်ထဲက မေတ္တာအလွမ်းဓါတ်ကို အေးခဲမသွားစေနိုင်ခဲ့ဘူး . . . ။ နင့်ကို မေ့သွားစေဖို့ သူတို့ မစွမ်းဆောင်နိုင် တော့တဲ့ အချိန်မှာ အဝေးက ဂီတသံ ခပ်သဲ့သဲ့ ငါ့စိတ်ထဲမှာ ကြားယောင်မိတယ် . . . ။ ငါ့အတွက် အပြောင်းအလဲ တစ်ခု ဖြစ်အောင်ပေါ့ ' ဟုတ်တယ် ' . . . ။

ညရဲ့ တိတ်ဆိတ်ငြိမ်သက်မှု၊ အေးစက်ထိုင်းမှိုင်းတဲ့အချိန် . . . Hollow guitar တစ်လုံးရဲ့ သတ္တုကြိုးမျှင်တွေ တုန်ခါလှိုင်းထသံပေါ့။ နောက် ဆွေးဆွေးရီရီ ဒိုးလုံးရဲ့ ' မင်းမသိလို့လား ' ။ အဲဒါဟာ ကိုယ့်အတွက် အဖော်တွေပဲ . . . ဟိုးတုန်းကတော့ အဲဒီ သီချင်းကို ငါက ဂီတာတီးပြီး ဆိုရင် နင်က ငါ့ရင်ခွင်ထဲကနေ ငါ့ နှုတ်ခမ်းကို လက်ညိုးလေးနဲ့ တေ့ပြီး ဆက်မဆိုဖို့ တားခဲ့ပေမယ့်၊ ငါဆက်ဆိုခဲ့တယ်လေ . . . ပြီးတော့ နင်မျက်ရည်ကျခဲ့သေးတယ်လေ . . . ။

နင်က ' တစ်ခါတလေ လောကကို ဘယ်လိုလုပ်ပြီး ရင်ဆိုင်ရမလဲ တဲ့ " ။ အဲဒီ ကံကြမာရဲ့ မျက်ကွယ်ရောက် နေရတဲ့၊ အဆင်မပြေမှုတွေရဲ့ ကုတ်ခွစီးခံရတဲ့ လူတွေ ဘယ်လောက်များရှိနေကြမလဲ . . . နော်။ ဟော . . . ' ကိုယ်ရေးရာဇဝင် ' တဲ့၊ ပြီးတော့ ' အမှားနှစ်ခုရဲ့ အမှား '၊ နောက် ' ပြန်ဆုံကျဖို့ ' တို့တွေ သိပ်သဘောကျ နှစ်ခြိုက်ခဲ့တဲ့ ' အငဲ ' ရဲ့ သီချင်းလေးတွေပေါ့။ ဒါပေမယ့် ခုတော့ ငါက အဝေးမှာ နောက်ပြီး အခုလို တိုက်ဆိုင်နေတဲ့အခါ . . . ။ ကောင်မလေးရယ် . . . ငါမငိုဘဲ မျက်ရည်ကျမိတယ် . . . ။

ရိုးသားခြင်းနဲ့ ပစ်လွှတ်ခတဲ့ ငါတို့ရဲ့ မြားတွေ ဘာကြောင့်များ လမ်းခုလပ်မှာတင် ရပ်တန့်ကုန်ရသလဲ . . . ။ နင် စဉ်းစားမရ ဖြစ်နေဆဲလား . . . ချစ်ခြင်းတရား အဖြူရောင်ရဲ့ အဝေးမှာ ရောက်နေရတဲ့ နင် မပျော်သလို၊ ငါလဲ မပျော်ပါဘူး . . . ၊ ' ဘဝမှာ ကိုယ်က ပေးရတဲ့ အကြိမ်တွေကချည်း များနေတာပါဟာ ' ကိုယ်ဆီ တမ်းတ တိုင်တည်နေမလား၊ တကယ်တော့ ဘဝဆိုတာ မျက်နှာစာ ခြောက်ဖက်ပါတဲ့ အံစာတုံးလိုပါပဲ . . . ၊ ဘဝကို ရိုးသားခြင်းနဲ့ ခင်တွယ်လိုသူ အတွက် အသက်ရှူစရာ လေထုကတောင် ကျဉ်းမြောင်းလွန်းလှတယ်ကွာ။

ငယ်ငယ်တုန်းက ကျောင်းက သင်တဲ့ Formula ကို သိပ်မုန်းတဲ့နင်က နင်သိပ်ချီးမွှမ်းတဲ့ (သင်္ချာတော်တယ်) သင်္ချာအတွက်ကောင်းတဲ့ ငါ့ကို မေးတယ်၊ ကျောင်းပြီးရင် ဘာလုပ်မလဲတဲ့ . . . အဲဒီပြဿနာကို စရှာတာ နင်ပေါ့ . . တကယ်ဆို အဲဒီအချိန်တုန်းက ငါတို့မှာ အဲဒီအဖြေကို ရေရေရာရာ မသိတာ နင်သိသားနဲ့ ကောင်မလေးရယ် . . .၊ အဲဒီမေးခွန်းရဲ့ အဖြေကိုရေရေရာရာ မသိသေးတဲ့က ငါက နင့်မေးခွန်းနဲ့ နင့်ကို ပြန်မေးတော့ နင်တစ်ချက် တွေဝေ သွားတယ် မဟုတ်လား . . . ပြီးမှ ခပ်မဲ့မဲ့အပြုံးနဲ့ ' ကျောင်းဆင်းမှ ဆက်မယ် ' ဆိုပြီး နင်ရောချသွားတာ . . . ။ နင့်နှုတ်ခမ်းတွေက ရယ်မောနေကြပေမယ့်၊ နင့်မျက်ဝန်းတွေက နာကျင်နေတာ၊ နင့်အပြုံးတွေက အသက်မပါတာ ငါအသိဆုံးပေါ့ . . . ကောင်မလေးရယ် . . . ။

နောက် စာသိပ်အရေးပျင်းတဲ့ ငါ့လက်တွေက ' ကလောင် ' ကို ကိုင်ပြီး စာတွေ လိုမ့်ရေးတယ်ဆိုတာ နင်သိရင်တော့ ဒီလိုပါပဲ ကောင်မလေးရယ် . . . နင့်ကိုလွမ်းတိုင်း၊ ရင်ထဲ နင့်နေတိုင်း ငါ စာတွေရေးနေမိတယ် . . .၊ ဘဝဆိုတာ မျှော်လင့်ထားတာထက် ခဲယဉ်းပါတယ်။ လွဲချော်မှုတွေ လက်ခံနိုင်ဖို့ ငါတို့ မွေးမြူရမယ့် ခံနိုင်ရည်တွေကို ဘာနဲ့ ဖြည့်ဆည်း မလဲ . . . ။အခုတော့ စာသင်ခန်းမမှာထက် အပြင်မှာ သင်ရတဲ့ ဘဝ သင်ခန်းစာတွေက ပိုပြီး အဓိပ္ပါယ်ပေါက်၊ ရင်ထဲမှာ စွဲမြဲတယ်လို့ (နင်ပြောတဲ့ စာရေးဆရာ) ငါက ပြောခဲ့ရင်လည်း နင်က ဟိုတုန်းကလို တမင်လုပ်ရယ်တဲ့ ညစ်ကျယ်ကျယ် အပြုံးနဲ့ ' အဘိဓမ္မာတွေ ဖွင့်ဆိုနေပြန်ပြီ ' ဆိုပြီး ငါ့ကို လှောင်ဦးမှာ မဟုတ်တော့ဘူးဆိုတာ ငါ သိပါတယ် . . . ။

ကောင်မလေးရေ . . . ဟောဒီ ကျယ်ပြောလှတဲ့ ကမ္ဘာကြီးထဲမှာ ငါတို့ ပြန်မဆုံခဲ့ကြရင်၊ ငါတို့ အမှန်တကယ် ကြေကွဲကြရမှာလား . . . ၊ ရိုးသားဖြူစင်ခြင်းကို ၊ လွပ်လပ်ပေါ့ပါးခြင်းကို ခုံမင်တတ်တဲ့ ငါတို့တွေ ဘာကြောင့် ဘဝကြီးကို ချစ်ခဲ့ကြသလဲ။ ကိုယ်မြတ်နိုး ယုံကြည်ရာ ဝတ္ထုတို ကလေးတွေ၊ ကဗျာ ကလေးတွေ စပ်ဆိုနေရင် ပျော်ရွှင်နေတဲ့ ငါတို့ ပေါင်းစပ်ရမယ့် ဘဝအတွက်၊ ငါတို့ အစာအိမ်တွေအတွက် ဘာ အာမခံချက်မှ မပေးမှန်း ငါ နားလည်ခဲ့တဲ့အခါ . . . ရင်နာနာနဲ့ပဲ လွမ်းရတော့တယ် . . . ။

နင် သတိတရ ရှိစမ်းပါ။ ယုံကြည်ရာ အနာဂတ် ဘဝတစ်ခုကို လက်တွေ့ အမှန်တကယ် ပုံဖော်နိုင်ဖို့ အဝေးကို ရွက်လွှင့်တော့မယ့် ချစ်သူတစ်ယောက်ကို မျက်ရည်ကျပြီး ကြေကွဲစွာနဲ့ ' ငါတို့ နှုတ်မဆက်ကျေးနော်တဲ့ '။ ငါ့ရင်ထဲ မှတ်မှတ်ရရ ရှိနေပါတယ် . . . ငါနားလည်ပါတယ်။ အခု ငါ နင့်ရဲ့ ချစ်ခြင်းတွေ ပေါ့လျော့မသွားစေဖို့ အဝေးကနေ ဆုတောင်း နေမိတယ် ကောင်မလေးရယ် . . . ။

တစ်ချို့လူတွေက အသင့်ခင်းပြီးသား စိန်၊ ရွှေ စီထားတဲ့ လမ်းကို အသင့် လျှောက်နေကြပေမယ့်၊ ငါတို့ကတော့ ကိုယ်ကိုတိုင်ရဲ့ ချွေးစက်၊ နှလုံးသွေးစက်တွေ၊ မျက်ရည်စတွေနဲ့ ဖောက်လုပ်ထားတဲ့ လမ်းကို ကိုယ်တိုင်ထွင်းပြီး ခရီးနှင်ရင်း လောကကို ရဲဝံ့စွာ လျှောက်ရအောင်၊ ခုတော့ကွာ ပြက္ခဒိန် ရက်စွဲတွေထဲ ငါတို့ ချော်လဲခဲ့တာ အကြိမ်ပေါင်းလည်း များနေပြီ၊ ဒီလိုနဲ့ အသက်တွေလည်း တဖြည်းဖြည်း ကြီးရင့်ရော်၊ နေ့ရက်တွေက အိုမင်း၊ ရင်ထဲမှာ အခုထိ ရှိနေတဲ့ စွဲစွဲမြဲမြဲ အချစ်တွေပဲ ကျန်တော့မယ် . . . ။

လှိုင်းပုတ်ဒဏ်ခံရတဲ့ ကျောက်ဆောင်တွေတောင် တိုက်စားပါများရင် လှိုက်စားခွက်တွေ ရှိသလို၊ နင်နဲ့ ငါ့ကြားက မေတ္တာထုထည်တွေ ဟောဒီ လောကဓံ အရိုက်အပုတ် အတိုက်အစားမှာ ပွန်းပဲ့မသွားစေဖို့ ငါ အမြဲ ဆုတောင်း နေရတယ် ကောင်မလေးရယ် . . . ။

ကောင်မလေးရေ . . . ဒီလိုညမျိုး နင် ဌာနေဦးမှာ ပျော်နေရဲ့လား၊ အဖြေကို သိလျှက်နဲ့ မေးတယ်လို့ အပြစ်မတင်ပါနဲ့နော်။ သောကတွေ တနင့်တပိုးနဲ့ ငါ နာကျင်ရင်း တမ်းတ လွမ်းဆွတ်နေတဲ့ ဒီလိုညမျိုးတွေပေါ့။ တစ်ခြမ်းပဲ့ လမင်းကတော့ ကြယ်တွေကြားမှာပေါ့၊ ဆောင်းလေက ခပ်ကြမ်းကြမ်းနဲ့ ညကတော့ ပိုပြီး အေးစက် သိပ်သည်းလာတာပဲ။ ခုချိန်မှာ နင့်ဘေးနားမှာ ငါ ဂီတာတီးပြချင်လိုက်တာ၊ မနက်ဖြန်လဲ လွမ်းရဦးမှာ သိသိနဲ့ နှလုံးသားရဲ့ ရွှင်လန်းခြင်းမရှိတဲ့ မနက်ဖြန်များစွာကို ငါဖြစ်သန်းရဦးမယ် ကောင်မလေးရယ် . . . ။

ဒီလိုပါပဲ ကောင်မလေးရယ် လောကနဲ့ အဆင်မပြေသူတွေ အများကြီး ရှိပါတယ်၊ အားလုံးကတော့ ကိုယ့်နည်း ကိုယ့်ဟန်နဲ့ ကိုယ်ယုံကြည်ရာကို ဖက်တွယ်ရင်း၊ ကိုယ့်ဘဝရဲ့ အဓိပ္ပါယ်ကို ဖြည့်ဆည်းနေကြရတာပါပဲ။ လက်မြှောက်အရှုံး မပေးဖို့က ငါတို့တွေရဲ့ တာဝန်လေ။ ဘာတစ်ခုမှ အချိုးပြေပြေမရှိတဲ့ လောကမှာ ငါတို့ ပေးဆပ်ခဲ့ရတဲ့ အရင်းအနှီးတွေရဲ့ တစ်ဝက်လောက် ပြန်ရရင်ပဲ ငါတို့ ဝမ်းသာကြရမှာပေါ့။

ဘဝဆိုတာ မျှော်လင့်ချက်နဲ့ ထူမတ်ယူရတာမျိုး ရှိပေမယ့်၊ တစ်ခါတစ်ခါ အဲဒီ မျှော်လင့်ချက်နဲ့ပဲ ဘဝကို အဆုံးသတ် တတ်တယ်။ ဘာတစ်ခုမှ တရားသေ တွက်ယူလို့မရတဲ့ အခြေအနေမှာ တန်ပြန်ညီမျှတဲ့ အကျိုးသက်ရောက်မှုဆိုတာကတော့ ငါ့ စိတ်ကူးတွေထဲမှာ သိမ်းထား၊ နင်လဲ နင့် စိတ်ကူးထဲမှာပဲ ထားပေါ့ . . .၊ ငါ့ရဲ့ မျှော်လင့်ခြင်း ပန်းသီးလေး အဆိပ် မတက်စေဖို့ နင်ကူညီပါ။

ကောင်မလေးရယ် ． ． ． ဘဝဟာ ဘယ်လောက်များ ကောက်ကျစ်ကြမ်းတမ်းလဲဆို ငါ တစ်ကိုယ်ရည်စာ အတွက်တောင် ပျော်စရာ ရှာမတွေ့ခဲ့ဘူး။ ငါတို့ရဲ့ ဘဝဟာ အချစ်အတွက်ချည်း သီးသန့် ဖြစ်တည်မနေနိုင်ခဲ့ပေမယ့် ဟောဒီ ဆောင်းတစ်ညကတော့ နင့်ကို လွမ်းဖို့ သက်သက်ပါပဲကွာ ． ． ． ။

**နေနိုင်**

31.03.2011

(12 : 13 pm)